# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

## ပြည်ထောင်စုဝန်ကြီးရုံး

| စီမံချက်ရေးဆွဲကြီးကြပ်ရေးဌာနခွဲ | |
|---|---|
| ဝင်စာအမှတ် | ၂၈၃၈ |
| ရက်စွဲ | ၂၀.၇.၁၇ |

**<u>အမိန့်ကြော်ငြာစာ</u>**

အမှတ်၊ ၆၇ /၂၀၁၇

၁၃၇၉ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်

( ၂၀၁၇ ခုနှစ်၊ ဇူလိုင် လ ၁၃ ရက် )

အကြောင်းအရာ။ **ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သော ဝန်ဆောင်မှု အမျိုးအစားများ နှင့် ပတ်သက်သည့် သတ်မှတ်ချက်များ ထုတ်ပြန်ခြင်း**

၁။ ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ၁-၃-၂၀၁၇ ရက်စွဲပါ ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ၄ ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါသည်။ ထိုပြဋ္ဌာန်းချက် အရ ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၁၄ ပုဒ်မခွဲ (ဃ) ပါဝန်ဆောင်မှု (၂၉)မျိုးမှအပ ကျန်ရှိသည့် ဝန်ဆောင်မှုများအနေဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်မည်ဖြစ်ပါသည်။

၂။ အဆိုပါ အခွန်မကျသင့်သည့် ဝန်ဆောင်မှု (၂၉)မျိုး နှင့်ပတ်သက်၍ အဓိပ္ပာယ် ရှင်းလင်းစွာ သိရှိနိုင်မှသာ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်မည့် ဝန်ဆောင်မှုလုပ်ငန်းများ အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံခြင်းကို ထိရောက်စွာ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၉ အရ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သည့် ဝန်ဆောင်မှုအမျိုးအစား(၂၉)မျိုးအနက် ရှင်းလင်းဖော်ပြရန် လိုအပ်သည့် အမျိုးအစား (၂၃) မျိုးနှင့်ပတ်သက်၍ အောက်ပါအတိုင်း သတ်မှတ်ပါသည် -

| စဉ် | အမှတ်စဉ် | ဝန်ဆောင်မှုအမျိုးအစား | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|
| ၁ | ၁ | ယာဉ်များရပ်နားရန် နေရာငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ | မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ စက်ဘီး အစရှိသည့် ယာဉ်များရပ်နားရန် နေရာပေး ဆောင်ရွက်သည့် ဝန်ဆောင်မှုလုပ်ငန်း များဖြစ်ပါသည်။ (ယာဉ်အရောင်းပြခန်းနေရာငှားရမ်းခြင်း၊ ယာဉ်သိမ်းဆည်းရန် ဂိုဒေါင်ငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်းများ ပါဝင်ခြင်း မရှိပါ။) |
| ၂ | ၂ | အသက်အာမခံဝန်ဆောင်မှု လုပ်ငန်း။ | အာမခံလုပ်ငန်းများ အနက်မှ အသက်အာမခံ ဝန်ဆောင်မှု လုပ်ငန်းအတွက်သာ ဖြစ်ပါသည်။ |
| ၃ | ၃ | အသေးစားငွေချေးခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ | သက်ဆိုင်ရာတည်ဆဲဥပဒေများအရ ဆောင်ရွက်သည့် အသေးစားငွေချေးလုပ်ငန်းများ၊ လိုင်စင်ရ အပေါင်ဆိုင် လုပ်ငန်းများ ပါဝင်ပါသည်။ |

| စဉ် | အမှတ်စဉ် | ဝန်ဆောင်မှုအမျိုးအစား | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|
| ၄ | ၄ | ခန္ဓာကိုယ်အလှပြုပြင်ခြင်းမှအပဖြစ်သည့် ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်း။ | ဆေးကုသခန်း၊ ခွဲစိတ်ခွဲခန်း၊ ရောဂါရှာဖွေရေးလုပ်ငန်းများပါဝင်သည်။ (ခန္ဓာကိုယ်အလှပြုပြင်မှုဆိုင်ရာလုပ်ငန်း၊ ကျန်းမာရေးလေ့ကျင့်မှုလုပ်ငန်းများမပါဝင်ပါ။) |
| ၅ | ၅ | ပညာရေးဝန်ဆောင်မှု လုပ်ငန်း။ | ပုဂ္ဂလိက အပါအဝင်ဖြစ်သည့် စာသင်ကျောင်းများ၊ သင်တန်းကျောင်းများ၊ ဘာသာရပ်ဆိုင်ရာ သင်တန်းများ၊ အသက်မွေးဝမ်းကျောင်း သင်တန်းများလည်း ပါဝင်သည်။ |
| ၆ | ၆ | ကုန်စည် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ (ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ရေးမှအပ ဖြစ်သည့် ရထား၊ မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ ဝန်ချီစက်များဖြင့် သယ်ပို့ပေးခြင်း) | ကုန်စည် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ၊ ကုန်သေတ္တာထဲတွင် ကုန်စည်များထည့်၍ သယ်ယူပို့ဆောင်သည့် လုပ်ငန်းများ၊ လေဆိပ်၊ ရေဆိပ်များတွင် ယာဉ်ပေါ်မှ ကုန်စည်များ တင်ချ ရွှေ့ပြောင်းပေးသည့် လုပ်ငန်းများလည်း ပါဝင်ပါသည်။ |
| ၇ | ၇ | အရင်းအနှီး ဈေးကွက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ | အရင်းအနှီးဈေးကွက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းဆိုရာ၌ စတော့အိတ်ချိန်းလုပ်ငန်းများတွင် ဆောင်ရွက်လျက်ရှိသော ငွေချေးသက်သေခံလက်မှတ်နှင့် စပ်လျဉ်းသည့် အောက်ပါလုပ်ငန်းများ ပါဝင်သည်-<br>(၁) ငွေချေးသက်သေခံလက်မှတ်များ ကိုယ်ပိုင်ရောင်းဝယ်ခြင်း။<br>(၂) ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းတွင် အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း။<br>(၃) ငွေချေးသက်သေခံလက်မှတ်များကို တာဝန်ခံ၍ တစ်ဆင့် ဖြန့်ချိရောင်းချခြင်း။<br>(၄) ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေးခြင်း။<br>(၅) ငွေချေးသက်သေခံလက်မှတ်များ အပ်နှံမှု လက်ခံခြင်းနှင့် စာရင်းရှင်းလင်းခြင်း။<br>(၆) ကော်မရှင်က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းဟု သတ်မှတ်သည့် လုပ်ငန်းဆောင်ရွက်ခြင်း။ |
| ၈ | ၈ | ဘဏ်နှင့် ဗဟိုဘဏ်မှ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေသော ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ | ဘဏ်မှ ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းနှင့် ဗဟိုဘဏ်၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများက ဆောင်ရွက်သည့် ဝန်ဆောင်မှုများကို ဆိုသည်။ |
| ၉ | ၉ | အကောက်ခွန်၊ ဆိပ်ကမ်း | ပြည်ပမှတင်သွင်းလာသော ကုန်စည်များ၊ ပြည်ပသို့ |

| စဉ် | အမှတ်စဉ် | ဝန်ဆောင်မှုအမျိုးအစား | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|
| | | ရှင်းလင်းရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ | တင်ပို့သော ကုန်စည်များအတွက် အကောက်ခွန်ဆိုင်ရာ ရှင်းလင်းရေးလုပ်ငန်း၊ ပေးပို့ရန် လုပ်ငန်းလုပ်ကိုင်ခွင့်ကို သတ်မှတ်ထားသော အရည်အချင်းပြည့်မီ၍ လုပ်ကိုင်ခွင့်ရရှိပြီး ဆောင်ရွက်သောလုပ်ငန်းများကို ဆိုလိုသည်။ |
| ၁၀ | ၁၀ | ဧည့်ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ | ဧည့်ခံကျွေးမွေးရေးနှင့်ဆိုင်သည့် အခမ်းအနား အတွက် ပစ္စည်းများငှားရမ်းခြင်းဆိုင်ရာ လုပ်ငန်းများသာ ပါဝင်ပါသည်။ (လက်ဝတ်လက်စား ငှားရမ်းခြင်း၊ အခမ်းအနား ပြင်ဆင်ပေးခြင်း လုပ်ငန်းများ မပါဝင်ပါ ။) |
| ၁၁ | ၁၁ | ကုန်ကြမ်းပေး၊ ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှု လုပ်ငန်းများ။ | CMP လုပ်ငန်းများ၊ နဝလီလက်ခစားလုပ်ငန်းများ ပါဝင်ပါသည်။ (အမှန်တကယ်ကုန်ကြမ်းပေး၍ ကုန်ချောထုတ်လုပ်သည့် လုပ်ငန်းများသာ အကျုံးဝင်သည်။ ကုန်ကြမ်းဖိုးပေးချေ၍ ဆောင်ရွက်ခြင်းများ အကျုံးဝင်ခြင်း မရှိပါ။) |
| ၁၂ | ၁၂ | နာရေးဝန်ဆောင်မှု လုပ်ငန်းများ။ | နာရေးကိစ္စရပ်များအတွက် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ အားလုံး အကျုံးဝင်သည်။ |
| ၁၃ | ၁၃ | ကလေးသူငယ်ပြုစု ပျိုးထောင်ရေး ဝန်ဆောင်မှုလုပ်ငန်း | ကျောင်းနေအရွယ် မရောက်သေးသည့် ကလေးသူငယ်များ ပြုစုပျိုးထောင်ရေးနှင့် ကလေးထိန်းလုပ်ငန်းများ ဖြစ်ပါသည်။ |
| ၁၄ | ၁၄ | ရိုးရာအကြောပြင် ဝန်ဆောင်မှုလုပ်ငန်း/ မျက်မမြင် အကြောပြင် ဝန်ဆောင်မှုလုပ်ငန်း။ | မည်သည့် ရိုးရာအကြောပြင်လုပ်ငန်းမဆို ပါဝင်သည်။ |
| ၁၅ | ၁၅ | နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ | နေအိမ်ရွှေ့ပြောင်းခြင်း၊ နေအိမ်ပရိဘောဂများ၊ အသုံးအဆောင်များ ရွှေ့ပြောင်း သယ်ဆောင်ပေးခြင်း၊ သယ်ချပေးခြင်း၊ နေရာချထားပေးခြင်း လုပ်ငန်းများ ဖြစ်ပါသည်။ |
| ၁၆ | ၁၆ | လမ်းအသုံးပြုခ ကောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်း။ | လမ်း၊ တံတားအသုံးပြုခကောက်ခံသည့် လုပ်ငန်းများ ပါဝင်သည်။ |
| ၁၇ | ၁၇ | တိရစ္ဆာန် ကျန်းမာရေးနှင့် ထိန်းသိမ်း စောင့်ရှောက်ရေး ဝန်ဆောင်မှုလုပ်ငန်း။ | တိရစ္ဆာန် ဆေးကုသခြင်းလုပ်ငန်းများ၊ ထိန်းသိမ်းစောင့်ရှောက်ပေးခြင်း လုပ်ငန်းများပါဝင်ပါသည်။ |
| ၁၈ | ၁၉ | ပြည်ပလေကြောင်းခရီးသည် ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်း။ | ပြည်ပပုံမှန် ခရီးစဉ်များအတွက် လေယာဉ်လက်မှတ်ရောင်းချခြင်းလုပ်ငန်းနှင့် ခရီးသည် လေဆိပ်ခန်းမအသုံးပြုခြင်းသည် လေဆိပ်ခန်းမအသုံးပြုခဟု သီးခြားတောင်းခံငွေ မရရှိသည့် ခရီးသည် လေဆိပ်ခန်းမအသုံးပြုခြင်း ဝန်ဆောင်မှုလုပ်ငန်းတို့ ပါဝင်သည်။ |
| ၁၉ | ၂၀ | ယဉ်ကျေးမှု အနုပညာ ဝန်ဆောင်မှုလုပ်ငန်း။ | ယဉ်ကျေးမှုဆိုင်ရာ နေရာများ၊ ပြတိုက်၊ စာကြည့်တိုက်များအတွင်း ဝင်ခကောက်ခံခြင်း၊ မိမိ တတ်ကျွမ်း |

| စဉ် | အမှတ်စဉ် | ဝန်ဆောင်မှုအမျိုးအစား | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|
| | | | သည့် အနုပညာဖြင့် သရုပ်ဆောင်ခြင်း၊ ဆောင်ရွက်ပေးခြင်း တို့ပါဝင်သည်။ (ဖျော်ဖြေမှု လုပ်ငန်းများ မပါဝင်ပါ။) |
| ၂၀ | ၂၁ | ပြည်တွင်းလေကြောင်း ခရီးသည် သယ်ယူ ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းမှအပ အများပြည်သူ ခရီးသည် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှု လုပ်ငန်း။ | ဘတ်စ်ကား၊ မီးရထား၊ ကူးတို့သင်္ဘော၊ ကြို/ပို့ယာဉ်၊ ခရီးသည်တင်ရေယာဉ်၊ ဘုရားဖူးယာဉ်၊ ကျောင်းသား၊ ဝန်ထမ်းကြို/ပို့ယာဉ်များဖြင့် ခရီးသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အားလုံးပါဝင်သည်။ (စင်းလုံးငှားယာဉ်လုပ်ငန်းများ၊ ပြည်တွင်းလေကြောင်းခရီးသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ မပါဝင်ပါ။) |
| ၂၁ | ၂၂ | နိုင်ငံတော် အဖွဲ့အစည်းများသို့ ဆောင်ရွက်မှုတစ်ရပ်ရပ် လုပ်ကိုင်ခွင့်ရရှိရန်အတွက် ပေးချေရသည့်လိုင်စင်ကြေးများ။ | အစိုးရဌာနအသီးသီးသို့ တည်ဆဲဥပဒေအရ ပေးချေရသည့် လိုင်စင်ကြေး(fees) များ ပါဝင်သည်။ |
| ၂၂ | ၂၈ | အောင်ဘာလေသိန်းထီ ဝန်ဆောင်မှုလုပ်ငန်း။ | အောင်ဘာလေသိန်းထီ ဝန်ဆောင်မှုလုပ်ငန်းတွင် ထီလက်မှတ် အမျိုးမျိုးပုံနှိပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းတို့ပါဝင်သည်။ |
| ၂၃ | ၂၉ | စက်မှုလယ်ယာ ဝန်ဆောင်မှု လုပ်ငန်းများ | စက်မှုလယ်ယာ ဝန်ဆောင်မှု လုပ်ငန်းများတွင် လယ်ယာသုံး စက်ပစ္စည်းကိရိယာများ ထုတ်လုပ် ပေးခြင်း၊ ငှားရမ်းခြင်း၊ ကိုင်တွယ် အသုံးပြုဆောင်ရွက်ပေးခြင်း၊ ပြင်ဆင်ထိန်းသိမ်းမှုပြုလုပ်ခြင်း၊ လယ်ယာသုံးစက်ပစ္စည်းကိရိယာများနှင့် ပတ်သက်၍ လေ့ကျင့်သင်ကြားပေးခြင်း၊ စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေများ ဖော်ထုတ်ဆောင်ရွက်ပေးခြင်းတို့ကို ဆိုလိုသည်။ |

၄။ ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သည့် ဝန်ဆောင်မှုများနှင့် ပတ်သက်၍ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် ၁၀၇/၂၀၁၆ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ကျော်ဝင်း
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စဘ / ဘဏ္ဍာ-၁ / ၃ / ၁ ( ၄၇၃၁ /၂၀၁၇)
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်

<u>ဖြန့်ဝေခြင်း</u>

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများအားလုံး

| | |
|---|---|
| ဦးဆောင်ညွှန်ကြားရေးမှူး<br>ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | (မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းပေးနိုင်ပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။) |

ဤဝန်ကြီးရုံး၊ ဌာနခွဲများအားလုံး

| | |
|---|---|
| ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်<br>စက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI) | (ညီနောင်အသင်းများအား ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။) |

အမိန့်အရ

(မင်းထွဋ်)
ညွှန်ကြားရေးမှူးချုပ်